# နိုဝင်ဘာလ(၇) ရက် ရွေးကောက်ပွဲအပေါ် ထိုင်းနိုင်ငံရောက်

# မြန်မာနိုင်ငံ ရွှေ့ပြောင်းအလုပ်သမားများ၏ထင်မြင်ယူဆချက်

မြန်မာပြည်စစ်အစိုးရသည် ၁၉၉၀ ရွေးကောက်ပွဲတွင် အမတ်နေရာပေါင်း (၈၀) ရာခိုင်နှုန်းကျော် အနိုင်ရခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့်အခြားတိုင်းရင်းသားအတိုက်ခံပါတီများ၏ ရွေးကောက်ပွဲ ရလဒ်ကို လျစ်လျူရှု၍လာမည့်နိုင်ဝင်ဘာ (၇) ရက်နေ့တွင် ရွေးကောက်ပွဲ အသစ်တစ်ခု ပြန်လည် ကျင်းပရန် စီစဉ်နေသည်။ ၄င်း ၁၉၉၀ အနိုင်ရ အတိုက်အခံပါတီများသည်စစ်အစိုးရ၏ တရားမျှတမှု မရှိသော၊ ဖိနှိပ်သော ရွေးကောက်ပွဲ ဥပဒေများကြောင့် ဝင်ရောက်မယှဉ်ပြိုင်မည့်အပြင် ပြည်သူလူထုကို လာမည့် ရွေးကောက်ပွဲတွင် မဲသွားမထည့်၍ သပိတ်မှောက်ကြရန် တောင်းဆိုထားသည်။ သို့သော်ငြား လည်း ပါတီပေါင်း (၃၇) ပါတီသည် လာမည့်စစ်အစိုးရ ကျင်းပမည့်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ကျွန်ုပ်တို့ (TACDB) သည်ထိုင်းနိုင်ငံရောက် ရွှေပြောင်းအလုပ်သမားများ လာရောက်ပညာသင်ကြားရာ ဘန်ကောက်မြို့တွင်ရှိသော (DEAR Burma Migrant School) တွင် ရွှေ့ပြောင်းအလုပ်သမားများ၏ လာမည့် ရွေးကောက်ပွဲ အပေါ်ထင်မြင်ယူဆချက်များကို သိရှိနိုင်ရန် စစ်တမ်းေ ကာက်ယူခဲ့ကြသည်။ ကျွန်ုပ်တို့သည် အောက်ပါမေးခွန်းနှစ်ခုကို ဖြေဆိုခိုင်း၍ ၄င်းတို့၏ ရွေးကောက်ပွဲအပေါ်စိတ်ဝင်စားမှုနှင့် ဆုံးဖြတ်ချက်များကို လေ့လာခဲ့ကြသည်။

၁။ လက်ရှိ နိုင်ငံတော်အာဏာကို မတရားချုပ်ကိုင်ထားသော စစ်အစိုးရသည် (၂၀၀၈) ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို အကောင်အထည်ဖော်ရန် နိုဝင်ဘာလ (၇) ရက်နေ့တွင် ကျင်းပမည့် မြန်မာနိုင်ငံမှ ရွေးကောက်ပွဲအား သင်သိပါသလား။

၂။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော နိုင်ငံရေး ပါတီအများစုသည် ယခု ရွေးေ ကာက်ပွဲကို ဝင်ရောက် အရွေးခံရန် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံမတင်ပါ။

ထို့အပြင် ရွေးကောက်ပွဲကို မဲမထည့်ခြင်းဖြင့် ဆန့်ကျင်ကြရန်ကိုပါ လှုံ့ဆော်ထားသည်။ အကယ်၍ သင်မဲပေးခွင့် ရမည်ဆိုပါလျှင် သင်ဘာလုပ်မည်နည်း။

**ပထမမေးခွန်း**

(၇၁) ရာခိုင်နှုန်းသော ကျောင်းသူကျောင်းသားများသည် လာမည့် နိုဝင်ဘာ ကျင်းပမည့်ဖြစ်သော ရွေးကောက်ပွဲကို မသိရှိကြချေ။ (၁၅.၇) ရာခိုင်နှုန်းသာ စစ်အစိုးရကျင်းပမည့်ဖြစ်သော လာမည့် နိုဝင်ဘာ

ရွေးကောက်ပွဲကို သိရှိကြသည်။ ကျန်ရှိနေသော (၁၃.၂) ရာခိုင်နှုန်းသော ရွှေ့ပြောင်းအလုပ်သမားကျောင်းသား ကျောင်းသူများသည် ၄င်းမေးခွန်း ကိုမဖြေဘဲကွက်လပ်ထားခဲ့သည်၊

ကျောင်းသူ၊ကျောင်းသားဟု အမျိုးအစားခွဲခြား၍ လေ့လာကြည့်ရာတွင် စိတ်ဝင်စားဖွယ်ကောင်းသော အချက်တစ်ချက်မှာ (၂၉) ရာခိုင်နှုန်းသော ကျောင်းသားများသည် လာမည့်နိုဝင်ဘာရွေးကောက်ပွဲကို သိရှိ၍ (၉) ရာခိုင်နှုန်းသော ကျောင်းသူများသည်သာ ရွေးကောက်ပွဲကျင်းပမည်ကို သိရှိကြသည်။ (၅၀) ရာခိုင်နှုန်းသော ကျောင်းသားများနှင့် (၈၃.၁) ရာခိုင်နှုန်းသော ကျောင်းသူများသည် ရွေးကောက်ပွဲကို မသိပါဟု တုန့်ပြန်ကြသည်။

(၂၀.၄) ရာခိုင်နှုန်းသော ကျောင်သားများနှင့် (၉) ရာခိုင်နှုန်းသော ကျောင်းသူများသည် ထိုမေးခွန်းကို ဖြေဆိုခဲ့ခြင်းမရှိပါ။ ထို့ကြောင့် ယောက်ျားလေးများတွင်ရှိသော နိုင်ငံရေးနိုးကြားမှုသည် မိန်းကလေးများထက် သာနိုင်သည်ဟု ဆိုနိုင်ပါသည်။ သို့သော်ငြားလည်း လက်ရှိ ရလဒ်များကိုကြည့်ခြင်းအားဖြင့် ရွှေ့ပြောင်းအလုပ်သမားကျောင်းသားကျောင်းသူများတွင် နိုင်ငံရေးနိုးကြားသိရှိမှု အလွန်လိုအပ်နေကြောင်း နားလည်နိုင်သည်။

**<u>ဒုတိယမေးခွန်း</u>**

(၅.၇) ရာခိုင်နှုန်းသော ဖြေဆိုသူများသည် ၄င်းတို့ မဲထည့်ခွင့်ရမည်ဆိုလျှင် မဲသွားရောက် ထည့်မည်ကိုရွေးချယ်ထားကြသည်။ (၁၇.၃) ရာခိုင်နှုန်းကတော့ မဲမပေးဘဲ သပိတ်မှောက်မည်ဟု ဆိုကြသည်။ ကျန်ရှိနေသေးသော (၅၇.၈) ရာခိုင်နှုန်းသော ကျောင်းကျောင်းသူများက မဲပေးမည်၊ သပိတ်မှောက်မည်ဟု ထင်မြင်ချက်မပေးခဲ့ပါ။

နောက်ဆုံးလက်ကျန်(၁၉) ရာခိုင်နှုန်းက မေးခွန်းကိုဖြေဆိုခြင်းမရှိဘဲ ကျော်သွားခဲ့ပါသည်။ အောက်ဖော်ပြပါ စက်ပိုင်းပုံ ရာခိုင်နှုန်းပြဇယားတွင် မိန်းကလေးဖြေဆိုသူများနှင့် ယောက်ျားလေးဖြေဆိုသူများကိုနှိုင်းယှဉ် ပြသထားသည်။







ကျွန်ုပ်တို့ အထက်ပါဇယားနှစ်ခုကိုကြည့်ခြင်းအားဖြင့် ထင်မြင်ချက်မရှိဟူသော အစိတ်အပိုင်းက များစွာ နေရာယူထားခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို စိတ် ဝင်စားမှုနည်းပါး နေသည်ဟု ကောက်ချက်ဆွဲနိုင်ပါသည်။ အချို့သော စာရေးသားဖော်ပြချက်များအရ ထင်မြင်ယူဆချက် မရှိခြင်းသည် ဆုံးဖြတ်ချက် တိကျစွာ မချနိုင်သေးသောကြောင့် ဖြစ်သည်ဟုဆိုသည်။

အချို့သောဖြေဆိုသူများသည် ၄င်းတို့သပိတ်မှောက်ရခြင်း အကြောင်းအရင်းကို ရေးသားခဲ့ကြသည်။ ကျောင်းသားတစ်ဦးက ကျွန်တော်သည် စစ်အစိုးရအုပ်ချုပ်မှုကို မကြိုက်သောကြောင့်ဖြစ်သည်ဟု တုံ့ပြန်ရေးသားထားသည်။ အကယ်၍ စစ်အစိုးရ ကျောထောက်နောက်ခံ ပေးထားသော အဖွဲ့များ နိုင်သွားခဲ့မည် ဆိုပါလျှင် တိုင်းသူပြည်သားများ ပိုမိုဆင်းရဲတွင်းနက်မည်၊ ပညာရေး၊ စီးပွားရေး၊ လူမှုအခွင့်အရေးတွေအားလုံး ပို၍ အခြေအနေ ဆိုးလာလိမ့်မည်ဟု ကျောင်းသားတစ်ဦးကဆိုပြန်သည်။ ကျောင်းသူတစ်ဦးက လက်ရှိ စစ်အစိုးရ သည် နိုင်ငံသားများကို လုံခြုံမှုမပေးနိုင် ဟုဆိုသည်။

ကျောင်းသားတစ်ဦးကသူထင်မြင်ချက်မရှိ ဟုရွေးချယ်ရခြင်းမှာ သူသည်အခြေအနေ အရပ်ရပ်ကို စောင့်ကြည့်ချင်သေး၍ ဖြစ်သည်ဟုဆိုသည်။ မဲထည့်မည်ဆိုသော ဖြေဆိုသူများ၏ ရေးသားဖော်ပြချက်ကို ကျွန်ုပ်တို့ မတွေ့ရှိပါ။

နိဂုံးချုပ်ရမည်ဆိုသော် ရွှေ့ပြောင်းအလုပ်သမားများ ကျောင်းသားကျောင်းသူများ၏ လာမည့် ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုအလွန်နည်းပါးနေသည်။ ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုရှိသောသူများက လည်း ရွေးကောက်ပွဲသည် မြန်မာနိုင်ငံအား တစ်စုံတစ်ရာပြောင်းလဲမှု မပေးနိုင်ဟု ယုံကြည်ကြသည်။